## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၅၉ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

### National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်၏ National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း<br>ဒုတိယဝန်ကြီးချုပ်<br>ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဌာနမှူး<br>တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) e – ID စနစ်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ခ) ပြည်ထောင်စုဝန်ကြီးဌာနများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက် အကောင်အထည်ဖော်ရန် ကြီးကြပ်လမ်းညွှန်ရမည်၊

(ဂ) e – ID စနစ်အတွက် လိုအပ်သော နည်းလမ်းရရှိရေးအတွက် G to G ရရှိနိုင်ရေး ကူညီဆောင်ရွက်ရမည်၊

(ဃ) နိုင်ငံတော်လုံခြုံရေးအရ ပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အစိုးရများမှ တိုက်ရိုက်ဝင်ရောက်လုပ်ဆောင်မှုများ ဖြစ်ပေါ်ခြင်းမရှိစေရန် ကြီးကြပ်ရမည်၊

(င) နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်ရရှိရေး ဖြည့်တင်းဆောင်ရွက်ပေးရမည်၊

(စ) အတွင်းရေးမှူးရုံးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၆ – ၂ – ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈ / ၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့်လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး